# ❝တိုင်းရင်းသားပြည်သူများသို့တိုက်တွန်းချက်❞

ကျွန်ုပ်တို့စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီများက အလေးအနက်တိုက်တွန်းအပ်ပါသည်။

၁။ ၂၀၀၈-ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင်ပြုလုပ်မည့် လူထုဆန္ဒခံယူပွဲသည် မြန်မာ့နိုင်ငံရေး အခင်းအကျင်းကိုပြောင်းလဲပစ်နိုင်မည့် အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်သဘောပေါက်ကာ မိမိတို့၏ဆန္ဒအစစ်အမှန်ကိုရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားစွာဖော်ထုတ်ပြသကြပါရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈-ခုနှစ်၊ ဧပြီလ(၂)ရက်နေ့တွင်ထုတ်ပြန်ခဲ့သော ❝ပြည်သူသို့ပန်ကြားချက်နှင့်လုပ်ဆောင်ရမည့်အချက်များ❞ပါကိစ္စရပ်များကိုလည်း တခဲတနက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

၂။ ယခုဆန္ဒခံယူမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ပြည်သူ့ကိုယ်စားလှယ်များကရေးဆွဲထားခြင်းမဟုတ်၊ စစ်တပ်ကအဓိကအာဏာအရပ်ရပ်ကိုချုပ်ကိုင်ထားမည့် ဗဟိုကချုပ်ကိုင်သော အစိုးရပုံစံသာဖြစ်ပြီး ဒီမိုကရေစီအနှစ်သာရပြည့်ဝသည့် စစ်မှန်သောပြည်ထောင်စုကိုလည်းမဖော်ဆောင်နိုင်။ သို့ဖြစ်ပါ၍ ပြည်သူလူထုသည် ၄င်းတို့နှင့်ထိုက်တန်သောအစိုးရကိုသာရရှိသည်ဆိုသည့် နိုင်ငံရေးအဆိုအမိန့်အရ နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိရှိသူတိုင်းက မိမိတို့၏ဆန္ဒမဲတစ်ပြားစီဖြင့် မြန်မာနိုင်ငံတော်ကိုလမ်းကြောင်းမှန်ပေါ်သို့ပို့ဆောင်ကာ သမိုင်းမှတ်ကျောက်တင်ကြပါရန် ထပ်မံတိုက်တွန်းအပ်ပါသည်။

၃။ မြန်မာ့အရေးကိုကမ္ဘာတစ်ဝန်းလုံးက အာရုံစိုက်စောင့်ကြည့်ကြမည်ဖြစ်ပါ၍ မိမိတို့၏ဆန္ဒအမှန်ကိုထုတ်ဖော်ခြင်းကြောင့် ဘေးအန္တရာယ်ကြုံတွေ့မည်ကိုစိုးရွံ့ရန်မလို။ စိုးရွံ့မှုကြောင့်ဆန္ဒအမှန်ကို မျိုသိပ်ခြင်း၊ မဲရုံသို့သွားရန်ပျက်ကွက်ခြင်း၊ ကြားနေခြင်းတို့သည်ရလဒ်ဆိုးများကို သွယ်ဝိုက်ထောက်ခံရာရောက်မည်ဖြစ်ပြီး ပိုမိုဆိုးရွားခါးသီးသော အနာဂတ်နှင့်ရင်ဆိုင်ရလိမ့်မည်ကို အထူးသတိချပ်ရန်လည်းတိုက်တွန်းအပ်ပါသည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင်ထုတ်ပြန်ထားသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေအခန်း (၈)၊ ပုဒ်မ (၂၂)၊ ပိုဒ်ခွဲ (က)၊ အငယ် (၁) အရ မဲရုံပိတ်ပြီးသည်နှင့်တပြိုင်နက် (၁၀)ဦးထက်မနည်းသောဆန္ဒမဲပေးခွင့်ရှိသူတို့၏ရှေ့မှောက်တွင် ဆန္ဒမဲများကိုရေတွက်ရမည်ဟုဖော်ပြထားပါ၍ ပြည်သူတို့အနေဖြင့်မဲရုံဖွင့်ချိန်နှင့် ဆန္ဒမဲရေတွက်ချိန်တွင် ပူးပေါင်းပါဝင်စောင့်ကြည့်ကြပါရန်လည်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF)
ဇိုမီးအမျိုးသားကွန်ဂရက် (ZNC)
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD)
ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက် (KNCD)
ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် (KNCD)
ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ် (KSANLD)
ကယန်းအမျိုးသားညီညွတ်ရေးနှင့်ဒီမိုကရေစီအဖွဲ့ (DOKNU)
မရာပြည်သူ့ပါတီ (MPP)
ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ (SSKDP)
ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု (APDF)

ရက်စွဲ။ ။ ၂၀၀၈-ခုနှစ်၊ ဧပြီလ (၃၀)ရက်
ရန်ကုန်မြို့။